## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

## DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

### သံဃာတော်အရှင်သူမြတ်တို့ထံ ပန်ကြားလျှောက်ထားချက်

(၂၀၀၈ ခုနှစ်၊ မတ်လ ၂ ရက်)

ရှိသေစွာလျှောက်ထားအပ်ပါသည် သံဃာတော်အရှင်သူမြတ်တို့ဘုရား

လာမည့်မေလတွင် "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်မည်"ဟု (နအဖ)စစ်အစိုးရက ကြေညာထားပါသည်။ တပည့်တော်တို့အနေဖြင့် ထိုပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ မိမိတို့ရင်ထဲက စစ်အာဏာရှင်စနစ်ကို တူးတူးခါးခါးမုန်းတီးရွံရှာကြောင်း ပြသသည့် အနေဖြင့် "ဆန့်ကျင်မဲ ပေးကြရန်" တိုက်တွန်းပန်ကြားထားပါသည်။

တပည့်တော်တို့ ပြည်သူများ လိုလားတောင့်တကြသည်မှာ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်သာ ဖြစ်ပါသည်။ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်ကို အနှစ်ချုပ်၍ တင်ပြရလျှင် " ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှန်သမျှကို ပြည်သူလူထုက တိုက်ရိုက်ဆန္ဒမဲပေး ရွေးချယ်ရသည့်စနစ်ဖြစ်ပါသည်။"

ထို့အပြင် တိုင်းရင်းသားလူမျိုးစုများ အစဉ်တစိုက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် စသည့်အခွင့်အရေးများကို ပစ်ပယ်ထားပါသည်။ ယခု (နအဖ)စစ်အစိုးရက တဖက်သတ်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထိုအနှစ်သာရကျသည့် အချက်များကို ဖောက်ဖျက်ထားပြီး ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသူများကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ်လက်ခံရမည်ဟုဖော်ပြပါရှိပါသည်။ ယင်းမှာ ဒီမိုကရေစီအရေခြုံထားသည့် စစ်အာဏာရှင်စနစ်ပင် ဖြစ်ပါသည်။

ယင်းစစ်အာဏာရှင်စနစ် တရားဝင်ဖြစ်မလာစေရန် တပည့်တော်တို့ပြည်သူများအနေဖြင့် လာမည့်မေလတွင် ကျင်းပတော့မည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် "ဆန့်ကျင်မဲပေးကြရန်" လိုအပ်ပါသည်။

သို့သော်လည်း တပည့်တော်တို့ ပြည်သူများအနေဖြင့် (နအဖ)စစ်အစိုးရ၏ အမျိုးမျိုးသောဖိနှိပ်မှုများ၊ ခြိမ်းခြောက်မှုများ၊ လှည့်စားမှုများကြောင့် ရဲဝံ့စွာဆန့်ကျင်မဲပေးနိုင်ရေးအတွက် အခက်အခဲတစ်စုံတရာရှိပါသည်။ သို့ပါ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တပည့်တော်တို့ ပြည်သူများ ရဲဝံ့စွာဆန့်ကျင်မဲပေးနိုင်ကြစေရန် အနယ်နယ်အရပ်ရပ်တွင် သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတော်အရှင်သူမြတ်တို့က ရှေ့ဆောင်လမ်းညွှန်သြဝါဒပေးကြပါရန် ရှိသေစွာလျှောက်ထား တင်ပြအပ်ပါသည် ဘုရား။

ရတနာတော်မြတ်သုံးပါးကို အစဉ်ဦးထိပ်ထားလျက်

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ မတ်လ ၂ ရက်။